# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၆၈)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ၁–၉–၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး တွေ့ဆုံပွဲကျင်းပ

### နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေ

### နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်

နေပြည်တော် ဩဂုတ် ၃၁

မြန်မာ-တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွေ့ဆုံပွဲကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ Tangla Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ★




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃၁**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက်ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဧလ**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ တနင်္လာနေ့။
မန္တလေး

## အရည်အသွေးပြည့်မီသော သံ၊ သံမဏိများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

မန္တလေးငလျင်ကြီးကြောင့် ဘုရား၊ စေတီပုထိုးများ၊ လမ်းတံတားများ၊ ရုံး၊ လူနေအိမ်အဆောက်အအုံများ များစွာ ပြိုပျက်၍ ပြည်သူလူထုထိခိုက် သေဆုံးမှုများရှိခဲ့သဖြင့် နိုင်ငံတော်အကြီးအကဲက နောင်တစ်ချိန်တွင်ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် အနည်းဆုံးရစ်ခ်ျစတာစကေး ၈ ခံနိုင်သည့် အဆောက်အအုံများဆောက်လုပ်ရန် လမ်းညွှန်မှုပြုထားကြောင်း၊ ထို့ကြောင့် အင်အားအလွန်ပြင်းထန်သော ငလျင်ကြီး၏ နောက်ဆက်တွဲဆိုးကျိုးများအပေါ် အကောင်းဆုံးတုံ့ပြန်ကုစားရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးသံမဏိများနှင့်ပတ်သက်၍ ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပမှ တင်သွင်းမှုများအပေါ်တွင် စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် သံမဏိမူဝါဒထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေးနှင့် အရည်အသွေးပြည့်မီသော သံ၊ သံမဏိများ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

သံမဏိထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများအား စနစ်တကျရှိစေရေး၊ စံချိန်စံညွှန်း အရည်အသွေးပြည့်မီမှုကိုလည်း စစ်ဆေးကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် မှန်ကန်သောမူဝါဒ အထောက်အပံ့ဖြင့် ချဉ်းကပ်ရန်လိုအပ်မည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သံမဏိမူဝါဒအမြန်ထွက်ရှိရေး၊ စံချိန်စံညွှန်းပြည့်ဝသော အရည်အသွေးမီသည့် သံနှင့် သံမဏိပစ္စည်းများ ထုတ်လုပ်နိုင်ရေးတို့အတွက် လုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ အကြံဉာဏ်များကို အကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးတို့က သံမဏိမူဝါဒရေးဆွဲထုတ်ပြန်နိုင်ရေးဆောင်ရွက်နေမှု၊ နိုင်ငံအတွက် သံမဏိလိုအပ်ချက်၊ ထုတ်လုပ်မည့် သံမဏိများအား အရည်အသွေးပြည့်မီနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှု၊ ပြည်တွင်း၌ သံမဏိများအား အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး သံမဏိများ၏ အရည်အသွေးစစ်ဆေးနိုင်ရေးအတွက် နိုင်ငံတကာအသိအမှတ်ပြုဓာတ်ခွဲခန်းများ ထူထောင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံသံနှင့် သံမဏိအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့က သံမဏိများအား အရည်အသွေးသတ်မှတ်ထားမှုအပေါ် သုံးစွဲသူပြည်သူများ သိရှိလိုက်နာနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ လုပ်ငန်းရှင်များက သံမဏိမူဝါဒ အမြန်ဆုံးရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်မည့်အခြေအနေ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေနှင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်လာနိုင်သည့် သံ၊ သံမဏိများနှင့် ပြည်ပမှ တင်သွင်းလာသည့် သံ၊ သံမဏိများကို အရည်အသွေး၊ စံချိန်စံညွှန်းထိန်းသိမ်းနိုင်ရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံ၊ သံမဏိများ ထုတ်လုပ်သွားကြရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်



**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီရှိ အခြေစိုက် တိုင်းတွင်းအခြေစိုက် ယာဉ်အသင်းများမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် အသင်းဂိတ်ဝန်ထမ်းများ၏ သား၊ သမီးများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးနှင့် ရိုးရိုးအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများနှင့် ဆုတံဆိပ်များ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ၎င်းကော်မတီရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနညွှန်ကြားရေးမှူး ဦးတင်စိုး၊ တိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်လင်းနှင့် အဖွဲ့ဝင်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့်ပညာရေးဖောင်ဒေးရှင်းဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး ပထမဆုရရှိသူ မသက်မှူးဝေဇင်၊ လေးဘာသာဂုဏ်ထူးရှင်နှင့် သုံးဘာသာဂုဏ်ထူးရှင်တို့အား ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်ကိုလည်းကောင်း၊ တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသူများနှင့် ရိုးရိုးအောင်မြင်ခဲ့ကြသူများကိုလည်းကောင်း ပညာရည်ချွန်ဆုများ ချီးမြှင့်ခဲ့ကြောင်းနှင့် ယခုနှစ်ချီးမြှင့်ပေးသည့် ပညာရည်ချွန်ဆုပေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၁ ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၆ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၂၆ ဦး တို့အား ပညာရည်ချွန်ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

## ချမ်းအေးသာစံမြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၃၁**

ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်အတွက် ရည်ရွယ်ကာ ၂၀၂၅ ခုနှစ်၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၂၃) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ (၈)ရက်နေ့တွင် ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၏ အသိပညာမြင့်မားစေရန်အတွက် မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်မှ ဦးဆောင်ကာ ကျင်းပဆောင်ရွက်ခဲ့သည်။

စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့ရာ အထက်တန်းအဆင့်အနေဖြင့် "ပြည်သူအားလုံး စာတတ်ဖို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ(၁၈)ဦး၊ အလယ်တန်းအဆင့်အတွက် "စာအုပ်စာပေ လူ့မိတ်ဆွေ" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ (၂၉) ဦး စုစုပေါင်း ကျောင်းသား (၄၇) ဦး ဖြေဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့်ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်ထံမှ သိရသည်။ (အပေါ်ပုံ)

ချမ်းမြေ့မောင်

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews-paper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များအား ဆွေးနွေးပြောကြားကြစဉ်။

★ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေး ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### မြန်မာ-တရုတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေးပြောကြား

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Myanmar-China Comprehensive Strategic Cooperative Partnership) ကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများကို နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့သည် သိသာထင်ရှားစွာ တိုးတက်လာခဲ့ကြောင်း။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် (၂) နေရာတွင် ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လအထိ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုခိုင်မာ အားကောင်းနေသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ဆန်၊ ပဲမျိုးစုံနှင့် နှမ်းစသည့် စိုက်ပျိုးရေး ထွက်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံ အချောထည် ထုတ်ကုန်များကို အဓိကတင်ပို့လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တန်ဖိုးမြင့်သစ် အခြေခံထုတ်ကုန်များ အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း။

မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်နေသည့်အတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နယ်စပ်ဂိတ်များသည် အရေးပါသော ကဏ္ဍမှပါဝင်နေကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးကို တိုက်ရိုက်အထောက်အကူ ပြုနေခြင်းကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်စေရန် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။

ယခုအခါ မြန်မာ-တရုတ် နယ်စပ်ဒေသ မတည်ငြိမ်မှုများကြောင့် ယူနန်စီးပွားရေးကိုလည်း ထိခိုက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည့်အပြင် မြန်မာနိုင်ငံ အရှေ့မြောက်ဒေသမှ တစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့အထိ ကုန်သွယ်ရေး လမ်းကြောင်းအား တိုးချဲ့ ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ အဆိုပါကုန်သွယ်ရေးလမ်းကြောင်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံလုံးအတွက် အဓိကကုန်သွယ်ရေး လမ်းကြောင်း ဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကို ပေါင်းကူးတံတား (Landbridge) အနေဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများကိုလည်း စီးပွားရေးဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများ လုပ်ဆောင်လာနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာအလေးထားပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

တရုတ်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့်ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် မူဆယ်-မန္တလေး မီးရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းနှင့် မန္တလေး-ကျောက်ဖြူမီးရထားလမ်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။ စာမျက်နှာ ၄ သို့ ✦

☆ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေ

☆ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Myanmar-China Comprehensive Strategic Cooperative Partnership) ကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအလားအလာကောင်းများကို နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏတို့သည် သိသာထင်ရှားစွာတိုးတက်လာခဲ့




မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း(CASME)တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး လဲလှယ်စဉ်။

☆ နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ အရှေ့မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်ဒေသ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းအား တိုးချဲ့ဆောင်ရွက်သွားနိုင်မည်

☆ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာ အလေးထား ပူးပေါင်းဆောင်ရွက်သွားရမည်

✦ စာမျက်နှာ ၃ မှ

မန္တလေး-မူဆယ်မီးရထားလမ်းသည် တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့မှ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ကုန်သွယ်ရေးအချက်အချာဖြစ်သည့် မန္တလေးမြို့ကို ချိတ်ဆက်ဖောက်လုပ်မည့် အမြန်ရထားလမ်းဖြစ်ပြီး တရုတ်နိုင်ငံတွင် ဆောက်လုပ်လျက်ရှိသည့် ပေကျင်း-ကူမင်း-ရွှေလီ အမြန်ရထားလမ်းပိုင်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း၊ မူဆယ်မြို့သည် တရုတ်-မြန်မာ ကုန်သွယ်ရေးတွင် အရေးပါဆုံးသော နယ်စပ်ဂိတ်တည်ရှိရာမြို့ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တရုတ်-မြန်မာနယ်စပ် ကုန်သွယ်ရေးတန်ဖိုးပေါင်း အမေရိကန်ဒေါ်လာ သန်း ၃၂၀၀ ကျော်ရှိသည့်အနက် သန်း ၂၀၀၀ ကျော်သည် မူဆယ်-ရွှေလီနယ်စပ်ဂိတ်မှ ကုန်စည်စီးဆင်းမှုဖြင့် ရရှိခြင်းဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါမီးရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းရှိ ပင်လယ်ထွက်ပေါက်မရှိသည့် တောင်ပိုင်းပြည်နယ်များကို မြန်မာနိုင်ငံမှတစ်ဆင့် ပင်လယ်ထွက်ပေါက်ရရှိစေနိုင်သော အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ကြောင်း၊ မူဆယ်-မန္တလေး ရထားလမ်းသည် ကျောက်ဖြူ-ကူမင်း မီးရထားလမ်း စီမံကိန်းကို အကောင်အထည် ဖော်ခြင်း၏ ပထမခြေလှမ်းဖြစ်ပြီး ကျောက်ဖြူ-ကူမင်း မီးရထားလမ်းစီမံကိန်း၏ အဓိကကျသည့် အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ကြောင်း၊ မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်အဖြစ် ပုံပေါ်လာနိုင်မည့်အလားအလာရှိသော အခွင့်အလမ်းကောင်းများ ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများ ဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်းထိစပ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများ ပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံဆည်းရာနေရာတွင် ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအနေဖြင့်လည်း လမ်းဆုံနေရာတွင် တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ထို့ပြင် အဆိုပါမီးရထားလမ်း စီမံကိန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မိမိတို့နှင့် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့် ဆက်ဆံရေး ကောင်းမွန်လျက်ရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအထိ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ အလယ်တွင် တည်ရှိလျက်ရှိရာ မြန်မာ-တရုတ်-ရုရှား သုံးနိုင်ငံပူးပေါင်းပြီး ကုန်သွယ်ရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်စည်စီးဆင်းမှုကိုလည်း များစွာ အထောက်အကူပြုနိုင်သည့် အခွင့်အလမ်းကောင်းများ ထွက်ပေါ်လာနိုင်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ် မေလ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့သည်ကို အတည်ပြုပေးခဲ့ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်-မြန်မာနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူစာချုပ် (ACFTA)နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် မိမိတို့နှစ်နိုင်ငံအကြားအပြင် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုပါ ခိုင်ခိုင်မာမာ တိုးမြှင့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

☆ တရုတ်နိုင်ငံ၏အကူအညီဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့်ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

☆ နှစ်နိုင်ငံအကြား ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိ

☆ လက်ရှိတွင် မူဆယ်-မန္တလေး မီးရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်းနှင့် မန္တလေး-ကျောက်ဖြူ မီးရထားလမ်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်း (Belt and Road Initiative-BRI)မှာ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်က ကျင်းပခဲ့သည့် ပထမအကြိမ် ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား ပိုးလမ်းမကြီးစီးပွားရေးရပ်ဝန်းနှင့် (၂၁) ရာစု ရေကြောင်းပိုးလမ်းမကြီး ကနဦးအစီအစဉ်မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် အဆိုပါစီမံကိန်းတွင် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းတွင် ကုန်းလမ်းနှင့်ရေကြောင်း လမ်းနှစ်သွယ်ဖြင့် ပိုးလမ်းမစီမံကိန်းဆိုပြီး မဏ္ဍိုင်နှစ်ရပ်ပါရှိပြီး ပထမမဏ္ဍိုင်တွင် တရုတ်နှင့် ဥရောပနိုင်ငံများ စီးပွားရေးချိတ်ဆက်မှု ပိုးလမ်းမသစ် (Silk Road Economic Belt) နှင့် ဒုတိယမဏ္ဍိုင်တွင် အရှေ့တောင်အာရှ၊ အာဖရိက၊ ဥရောပနိုင်ငံတို့နှင့် ရေကြောင်းဆိုင်ရာ ဆက်သွယ်မှု ပိုးလမ်းမ (Maritime Silk Road) ဆိုပြီး သတ်မှတ်ထားရှိကြောင်း။

အဆိုပါစီမံကိန်းမှာ အပြည်ပြည်ဆိုင်ရာစင်္ကြံ ခြောက်ခုပါရှိပြီး မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့် ရေလမ်း (၂)မျိုးလုံးအသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ(BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း။

အဆိုပါစီမံကိန်း ခြောက်ခုမှာ မန္တလေး-မူဆယ် ရထားလမ်းစီမံကိန်းလည်း အပါအဝင်ဖြစ်ပြီး မိမိတို့အနေဖြင့် စီမံကိန်းကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မီးရထားလမ်းစီမံကိန်းသည် နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည့်အပြင် BRI စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုနေကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံလုံးအတွက် များစွာအထောက်အကူပြုသည့် စီမံကိန်းဖြစ်သည့်အတွက် အဆိုပါ စီမံကိန်းကို အမြန်ဆုံး ပြီးမြောက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်(Global Development Initiatives-GDI)တွင် ပါဝင်သည့်ဦးစားပေးနယ်ပယ်ရှစ်ခုတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေခြင်းကြောင့် မိမိတို့ မြန်မာနိုင်ငံသည် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်တရုတ်မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရန် လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပြီး ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက် ပိုမိုတိုးမြှင့်သွားလိုကြောင်း၊ ထို့ကြောင့် မိမိတို့၏ မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကိုသိသာစွာပံ့ပိုးပေးထားသည့်အပြင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နှစ်နာမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

လာမည့် ဒီဇင်ဘာလတွင်မြန်မာနိုင်ငံ၌ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း၊ တည်ငြိမ်မှုရှိလာသည်နှင့်အမျှ စီးပွားရေးဆောင်ရွက်မှု အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မြေပေါ်မြေအောက်၊ ရေသယံဇာတများ၊ လူသားအရင်းအမြစ်များနှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းလိုက်ပါက နှစ်နိုင်ငံအတွက် သိသာသည့် ရလဒ်ကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံတို့ကဲ့သို့သော စီးပွားရေးဈေးကွက်ကြီးမားသည့် နိုင်ငံများနှင့်လည်း နီးကပ်စွာ မဟာဗျူဟာ အချက်အချာကျကျ တည်ရှိနေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများအားလုံး၊ အထူးသဖြင့် တရုတ်နိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိကြောင်း။

မိမိအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို မျှဝေဆွေးနွေးခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ကြောင်း၊ ယခုတွေ့ဆုံ ဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြားဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ »»

»» စာမျက်နှာ ၄ မှ

**မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေး လုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များအား အသီးသီး ဆွေးနွေးပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်နိုင်ငံကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ပို့ကုန်သွင်းကုန်မူဝါဒများအားသိရှိလိုမှု၊ မြန်မာနိုင်ငံ၌ EV ကားများ တပ်ဆင်ထုတ်လုပ်နေမှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံတိုးချဲ့ဆောင်ရွက်လိုမှုနှင့် အခွန်နှုန်းထားများအား သိရှိလိုမှု၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ခေါက်အား ထုတ်လုပ်ခြင်းနှင့် စွန့်ပစ်အမှိုက်များ အသုံးပြု၍ စွမ်းအင်ထုတ်လုပ်ခြင်း လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုမှု၊ မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေး လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍ မြှင့်တင်နိုင်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုမှု၊ သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဆောင်ရွက်လိုမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် မြန်မာနိုင်ငံအစိုးရမှ ဖြေရှင်းပေးနိုင်မည့် အခြေအနေများ၊ ကုမ္ပဏီများအလိုက်မှ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ပို့ကုန်သွင်းကုန်မူဝါဒများအားသိရှိလိုမှု၊ နှစ်နိုင်ငံစီးပွားဆက်သွယ်မှု လမ်းကြောင်းများအား ယခုထက်ပိုမိုပွင့်လန်းလာစေရေး ဆောင်ရွက်နိုင်ရန်လိုအပ်မှု၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်မှု၊ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အတွက် အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်မည့် အခြေအနေများ၊ ယခုကဲ့သို့ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် အချိန်ပေး၍ လက်ခံဖြေကြား ဆွေးနွေးပေးသည့်အတွက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား အထူးပင် ကျေးဇူးတင်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြသည်။

**သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက အသီးသီးပြန်လည် ဆွေးနွေးပြောကြား**

ထိုကဲ့သို့ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှုများနှင့် ပတ်သက်၍ ခရီးစဉ်တွင်လိုက်ပါလာသည့်သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်မှ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၌ EV ကားများအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိမှု၊ EV ကားများ၏ သွင်းကုန်လိုင်စင်နှင့် ပတ်သက်၍လည်း အခွန်ကင်းလွတ်ခွင့်ပေးထားမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိမှု၊ စွမ်းအင်နှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်စွမ်းအားနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

**ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြောကြား**

ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေး ပြောကြားရာတွင် မိမိတို့နိုင်ငံတွင် လက်ရှိအချိန်၌ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် EV ကားများကို လက်ရှိအချိန်တွင် တင်သွင်းခွင့်ပေးထားပြီး SKD စနစ်ဖြင့် ထုတ်လုပ်ရောင်းချခွင့်ပြုထားကြောင်း၊ နောင်အနာဂတ်တွင် ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခွန်အခများလျှော့ချနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိ သီလဝါစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံ ထုတ်လုပ်ခြင်းနှင့် မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်းထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ ပြန်လည် တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မိမိအနေဖြင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လောင်စာဆီသုံးစွဲသည့် မော်တော်ယာဉ်များ လျှော့ချပြီး လျှပ်စစ်ကားများ အသုံးပြုမှု တိုးမြှင့်နိုင်ရေးသည် မိမိ၏ ရည်မှန်းချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ EV ကား ထုတ်လုပ်သူများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

သတ္တုတူးဖော်မှုအဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် သဘာဝသယံဇာတ ပစ္စည်းများအား ကုန်ကြမ်းအဖြစ် ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းကို ခွင့်မပြုထားသော်လည်း ကုန်ချောအဖြစ် ထုတ်လုပ်၍ တင်ပို့ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ သယံဇာတများ ထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လိုပါက မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးသွားရန် ဖိတ်ခေါ်ပါကြောင်း။

စွမ်းအင်ကဏ္ဍနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ခြင်းများအတွက်လည်း လာရောက်ဆွေးနွေးနိုင်ကြောင်း၊ မိမိအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုကို ပထမ ဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး Waste To Energy ကိုလည်း ဒုတိယဦးစားပေး အနေဖြင့် စိတ်ဝင်စားကြောင်း၊ သို့သော် ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်ကို ထည့်သွင်းတွက်ချက်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်၊ ပဲ၊ ပြောင်း စသည့်သီးနှံများကို အဓိကထား တင်ပို့လျက်ရှိကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် စီးပွားရေး လုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းများ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့တွေ့ဆုံပွဲ အခမ်းအနား၌ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ဆွေးနွေးသွားကြသည်ကို တွေ့ရကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းကောင်းနိုင်ငံ၊ ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်မှုများ တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး ထုတ်ကုန်များကို အဓိကထား ထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့နိုင်သည့် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အရည်အသွေး ကောင်းမွန်သည့် ပေါ်ဆန်းမွှေးကဲ့သို့ ဆန်အမျိုးအစားများလည်းရှိကြောင်း။

ယနေ့ တွေ့ဆုံဆွေးနွေးမှုများသည် အောင်မြင်သည့်တွေ့ဆုံဆွေးနွေးမှုပင်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီးနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ချိန်၌လည်း အောင်မြင်မှုရှိသည့် တွေ့ဆုံဆွေးနွေးမှုများရရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တရုတ်နိုင်ငံအတွက် လိုအပ်သည့်ပစ္စည်းများကို မြန်မာနိုင်ငံမှ တင်ပို့၍ရနိုင်ကြောင်း၊ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမှာ ကာလရှည်ကြာရှိပြီဖြစ်ပြီး လက်ရှိအချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေခြင်း ဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် စိတ်ပါဝင်စားပါက မြန်မာနိုင်ငံသို့ လာရောက်၍ ဆွေးနွေးဆောင်ရွက်နိုင်ကြောင်း၊ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ပြီး နှစ်ဖက်အကျိုးဖြစ်ထွန်းမှုများကိုဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ထို့ကြောင့် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ အဖွဲ့ ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်ပြီး မိမိ ရောက်ရှိသည့် အချိန်တိုင်း တိုးတက်ပြောင်းလဲမှုများရှိသည်ကို မြင်တွေ့ရကြောင်း၊ မိမိတို့အနေဖြင့်လည်း မြန်မာနိုင်ငံ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိတ်ဆွေနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများလိုအပ်သဖြင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အစွမ်းကုန်မြှင့်တင် ဆောင်ရွက်နိုင်ရေး အဆွေတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကို လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ဖိတ်ခေါ်ပါကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် မြန်မာ့ရိုးရာအစားအစာ တစ်ခုဖြစ်သည့် လက်ဖက်သုပ် သုပ်နည်းကို တာဝန်ရှိသူများက သရုပ်ပြသကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေး ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို ကျင်းပပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆင်ဟွာသတင်းအေဂျင်စီ တို့အကြား သတင်းဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် တရုတ်နိုင်ငံ အသေးစားနှင့်အလတ်စားလုပ်ငန်းများအသင်း (CASME) တို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာ-အိန္ဒိယ-တရုတ်ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)နှင့် တရုတ်နိုင်ငံ အသေးစားနှင့်အလတ်စားလုပ်ငန်းများအသင်း (CASME) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရွှေသံလွင် ဟိုးလ်ဒင်းကုမ္ပဏီလီမိတက်နှင့် China Harbor Engineering Co.,Ltd.(CHEC) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Royal Green Ocean Co., Ltd. နှင့် Jiangxi Longzheng Technology Development Co., Ltd. တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Yunnan Baoshan Hengyi Industrial Group Co., Ltd. (HYIG)နှင့် Transland Public Co., Ltd.(TPC)တို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Platypus Public Co., Ltd. နှင့် China Enerever Solutions (Shanghai) Co., Ltd. တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက အသီးသီး လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA) နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း (CASME) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလဲလှယ်စဉ်။

☆ **မိမိအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို မျှဝေဆွေးနွေးခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်**

☆ **ယခုတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် SCO ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့်ဇနီးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO SUMMIT 2025) အစည်းအဝေးအထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၃၁

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) တက်ရောက်ရန်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တီယန်ကျင်းမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Tianjin Meijian Convention Center ၌ ကျင်းပပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့်ဇနီးတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အဆိုပါကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့အပါအဝင် SCO ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် SCO ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် ဇနီးတို့က တစ်ဦးချင်းရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် SCO ထိပ်သီး အစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်လာကြသည့် SCO ထိပ်သီးအစည်းအဝေးသို့ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရိုးရာယဉ်ကျေးမှု အကအဖွဲ့က တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များ အနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၁

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ အလုပ်သဘော ခရီးရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တီယန်ကျင်းမြို့ရှိ Wanda Vista ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ တပ်မတော်အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့်အတူ အိန္ဒိယနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် တပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအား SCO အဖွဲ့ဝင်ဖြစ်စေရေး အိန္ဒိယနိုင်ငံမှထောက်ခံပေးလျက်ရှိမှုအခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

> နှစ်နိုင်ငံအကြား နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ အစိုးရအချင်းချင်း ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်ရေးနှင့် တပ်မတော် နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အမြင်ချင်း ဖလှယ် ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## ၂၀၂၅ ခုနှစ် စက်တင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၃၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် တစ်ပေခွဲမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ နှစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ မိုး/ဇလ

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

"လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် - ၂၀၂၅ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ဆက်လက်ကျင်းပသည်။

ဦးစွာ တိုင်းရင်းသားလူငယ်များက ကချင်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကျောင်းသား ကျောင်းသူများက "လန်းဆန်းနိုးထ ဉာဏ်စမ်း အစီအစဉ်"အဖြစ် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးဆိုင်ရာ Energizer Quiz များကို ပါဝင်ဖြေကြားကြသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံ SUPDI မှ တွဲဖက်ပါမောက္ခ Mr. Lorenzo Maria Pacini က **"ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ-ပထဝီစီးပွားရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ပထဝီစီးပွားရေးအပေါ် အမိပ္ပာယ်ဖွင့်ဆိုချက်များ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံများအတွက် ပထဝီစီးပွားရေး၏ အရေးပါပုံနှင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုများ၊ ပထဝီစီးပွားရေးကို ရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ်ကြည့်ခြင်း၊ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့ ဆက်နွှယ်တည်ရှိနေမှု၊ အစိုးရများအနေဖြင့် ပထဝီစီးပွားရေးဆိုင်ရာ အကျိုးရလဒ်များ အတွက် ကုန်သွယ်ရေးမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်း၊ အချို့သောအခြေအနေတွင် နိုင်ငံရေးထက် စီးပွားရေးကဏ္ဍကို ဦးစားပေး အကောင်အထည် ဖော်ခြင်း၊ ဘေးကင်းလုံခြုံသော နိုင်ငံ့စီးပွားရေးစနစ်များ ဖော်ဆောင်ခြင်း၊ အကျိုးစီးပွားအတွက် နိုင်ငံရေးရာ Superpower များ တည်ဆောက်ခြင်းနှင့် Super-power များကို ဟန်ချက်ညီအောင် ထိန်းညှိခြင်း၊ အကျိုးတူမိတ်ဖက်နိုင်ငံများစုဖွဲ့ခြင်း၊ ကမ္ဘာ့စီးပွားရေးလမ်းကြောင်းပေါ်မှ ဒေါ်လာငွေကြေးဈေးကွက်၊ အင်အားကြီးနိုင်ငံများအနေဖြင့် နိုင်ငံရေးအရ အားသာမှုကို အသုံးပြု၍ ကမ္ဘာ့စီးပွားရေးကို လွှမ်းမိုးထားနိုင်ရန် ကြိုးပမ်းမှုများ၊ အစိုးရများအနေဖြင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေးလမ်းပြမြေပုံများ ရေးဆွဲခြင်းနှင့် အနာဂတ်နိုင်ငံ့စီးပွားရေးအတွက် အစီအမံများ ကြိုတင်ချမှတ်ဆောင်ရွက်ခြင်း စသည့်အကြောင်းအရာများကို သုံးသပ်ဆွေးနွေးသည်။



မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

ဆွေးနွေးသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ လူငယ်ကျောင်းသားကျောင်းသူများက အာရှဒေသတွင် တွေ့မြင်လာနိုင်သည့် နိုင်ငံရေးသီအိုရီများ၊ နိုင်ငံတစ်နိုင်ငံ၌ စီးပွားရေးတည်ငြိမ်မှုရှိစေရန်နှင့် ငွေကြေးစနစ် ခိုင်မာအားကောင်းစေရန် ထိန်းချုပ်ဆောင်ရွက်သင့်သည့် အချက်များ၊ တစ်ကမ္ဘာလုံး ရင်ဆိုင်တွေ့ကြုံရနိုင်သည့်ပထဝီစီးပွားရေးစိန်ခေါ်မှု၊ Digital Currency နှင့်ပတ်သက်ပြီး စဉ်းစား ဆောင်ရွက်သင့်သည့် အချက်များ၊ ပထဝီစီးပွားရေးအရ တရုတ်နိုင်ငံ၏ ငွေကြေးဈေးကွက်အခြေအနေ၊ ငွေကြေးဖောင်းပွမှုကို Crypto Currency က ဖြေရှင်းပေးနိုင်မည့် အလားအလာ၊ ပထဝီစီးပွားရေးအရ AI နှင့် Digital Currency တို့၏ ပံ့ပိုးပေးနိုင်မှု၊ ပြောင်းလဲလာသည့် ကမ္ဘာကြီးတွင် မြန်မာလူငယ်များအနေဖြင့် ရင်ဆိုင်တွေ့ကြုံနိုင်သည့် စိန်ခေါ်မှုများ၊ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒနှင့် မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေးဆိုင်ရာ မျှော်မှန်းချက်စသည့် အကြောင်းအရာများကို မေးခွန်းများ မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် Mr. Lorenzo Maria Pacini က **"မြန်မာ၊ စီးပွားရေးနှင့် ဗဟုဝင်ရိုးကမ္ဘာ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌ ပထဝီစီးပွားရေးအရ မဟာဗျူဟာမြောက်တည်ရှိနေမှု၊ ကုန်သွယ်မှုလမ်းကြောင်းများနှင့် ဈေးကွက်အခြေအနေ၊ စီးပွားရေးရာမူဝါဒများနှင့် အခွန်စနစ်၊ အိမ်နီးချင်းနိုင်ငံများ၏ ပထဝီစီးပွားရေးအရ တည်ရှိနေမှုအပေါ် လေ့လာသုံးသပ်ခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအရ လွတ်လပ်စွာ ရပ်တည်နိုင်မှုကို ထိန်းသိမ်းကာကွယ်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေးအရ အားသာချက်နှင့် အကျိုးရလဒ်များရရှိစေရန် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်း၊ ငွေကြေးမူဝါဒနှင့်ဈေးကွက်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းခြင်း၊ မဟာမိတ်နိုင်ငံများနှင့် အကျိုးတူမူဝါဒများ ထားရှိခြင်း၊ နိုင်ငံရေး၊ စီးပွားရေးအရ အမြတ်ထုတ်မှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် လုံခြုံအေးချမ်းမှုရှိသော ဝန်းကျင်ကောင်း ဖန်တီးခြင်း စသည့် အကြောင်းအရာများကို သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ လူငယ်ကျောင်းသားကျောင်းသူများက တရုတ်နိုင်ငံ၏ စီးပွားရေးရာမူဝါဒများ၊ ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းတို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရရှိလာနိုင်မည့် အကျိုးရလဒ်များ၊ လုပ်ပိုင်ခွင့်အခွင့်အာဏာကို နိုင်ငံအခြေအနေနှင့်ကိုက်ညီစေရန် စီမံခန့်ခွဲခြင်း၊ အိမ်နီးချင်း နိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ စီးပွားရေးရာ မူဝါဒအရ မြန်မာနိုင်ငံအပေါ် သက်ရောက်လာနိုင်သည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် စီးပွားရေးရာမူဝါဒများ ချမှတ်ရာတွင် လိုအပ်ချက်များစသည့် အကြောင်းအရာများကို မေးခွန်းများ မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြောင်းလဲနေသော ကမ္ဘာ့အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေး အခန်းကဏ္ဍအပေါ် လူငယ်များအမြင်၊ လူငယ်များအတွက် ဒေသဆိုင်ရာ ချိတ်ဆက်မှုနှင့် ကုန်သွယ်မှုအခွင့်အလမ်းများ၊ ဗဟုဝင်ရိုးစီးပွားရေးအတွက် ဆန်းသစ်မှုနှင့် အရည်အချင်းများ၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ညီစေခြင်း၊ စီးပွားရေးတွင် အားလုံးပါဝင်နိုင်ရေး လူငယ်အခြေပြု ဖြေရှင်းနည်းလမ်းများ စသည့် ခေါင်းစဉ်များကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် အဖွဲ့များမှ လူငယ်ကိုယ်စားလှယ် တစ်ဦးစီက ခေါင်းစဉ်အလိုက် ဆွေးနွေးသုံးသပ်ချက်များကို ပြန်လည်စုစည်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လူငယ်အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက အနှစ်ချုပ်သုံးသပ်တင်ပြပြီး တိုင်းရင်းသားလူငယ်များက ရခိုင်တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြကာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**



ပြောင်းလဲနေသောကမ္ဘာ့အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေးအခန်းကဏ္ဍအပေါ် လူငယ်များအမြင် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပစဉ်။

## ပုသိမ်ကြီးမြို့နယ်အတွင်း မြေငှားဂရန်များ ခွင့်ပြုချက်ဖြင့် ချထားပေးလျက်ရှိ

**ပုသိမ်ကြီး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ စက်မှု၊ စီးပွားမြေငှားဂရန် သို့မဟုတ် လူနေထိုင်ရန် မြေငှားဂရန်များ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်အတွင်း မြေငှားဂရန် သက်တမ်းတိုးလျှောက်ထားလာမှုများအပေါ် ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ) ဦးဆောင်ဆွေနှင့် မြို့နယ်တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းက အိမ်တိုင်ရာရောက် မြေငှားဂရန်များ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။



အဆိုပါမြေငှားဂရန်များကို မြေယာလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ(ကော်လိတ္တော်အရာရှိ)မှ လျှောက်ထားသူ အသက်အရွယ်ကြီးရင့်သူများ၏ လက်ဝယ်သို့ နှစ်(၃၀) သက်တမ်းရှိ မြေငှားဂရန်များအား လျှောက်ထားသူများထံသို့ လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၉၅)**

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဝုဖ်ဘတ် | ၁ - ၁ | မိန့်ဇ် |
| ဒေါ့မွန် | ၃ - ၀ | ယူနီယံဘာလင် |

| အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘရိုက်တန် | ၂ - ၁ | မန်စီးတီး |
| နော်တင်ဟမ် | ၀ - ၃ | ဝက်စ်ဟမ်း |
| လီဗာပူး | ၁ - ၀ | အာဆင်နယ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဆဲလ်တာဗီဂို | ၁ - ၁ | ဗီလာရီးရဲလ် |
| ဘက်တစ် | ၁ - ၂ | ဘီလ်ဘာအို |

# ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေး လုံခြုံရေးကောင်စီအဖွဲ့ဝင်(၁၄)နိုင်ငံ တောင်းဆို

ကုလသမဂ္ဂ ဩဂုတ် ၃၁

ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၄) နိုင်ငံက ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ရန်နှင့် အစ္စရေးတပ်မတော်၏ စစ်ဆင်ရေးများ မြှင့်တင်ဆောင်ရွက်မည့်အစီအစဉ်ကို ရှေ့ဆိုင်းရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

ခြွင်းချက်မရှိ တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးကို လိုက်နာဆောင်ရွက်ရန်နှင့် ဟားမတ်စ်အဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ထိန်းသိမ်းထားသည့် ဓားစာခံများအား လွှတ်ပေးရေးအပြင် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများဝင်ရောက်ခွင့်ပြုရေးအတွက် တောင်းဆိုကြောင်း အထက်ပါ (၁၄)နိုင်ငံက ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

အစ္စရေးတပ်မတော်၏ ဂါဇာဒေသတွင် စစ်ဆင်ရေးများ မြှင့်တင်ဆောင်ရွက်မည့်အစီအစဉ်သည် ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှု အခြေအနေများကို ဆိုးရွားစေကာ ဓားစာခံများအပါအဝင် အရပ်သားများကို ထိခိုက်စေကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားသည်။

ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးတောင်းဆိုသည့် နိုင်ငံများမှာ အယ်လ်ဂျီးရီးယား၊ တရုတ်၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂရိ၊ ဂူယာနာ၊ ပါကစ္စတန်၊ ပနားမား၊ တောင်ကိုရီးယား၊ ရုရှား၊ ဆီအာရာလီယွန်၊ စလိုဗေးနီးယား၊ ဆိုမာလီယာနှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ကာ အမေရိကန်နိုင်ငံ မပါဝင်ကြောင်း သိရသည်။

အစ္စရေးသည် ဂါဇာဒေသတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများဝင်ရောက်ရေးအတွက် ကန့်သတ်ချက်များကို ခြွင်းချက်မရှိ ရုပ်သိမ်းရမည်ဖြစ်ကာ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရေးအတွက် ကုလသမဂ္ဂအပါအဝင် အခြားကမ္ဘာ့နိုင်ငံများနှင့် လက်တွဲဆောင်ရွက်ရမည်ဟု ၎င်းနိုင်ငံများ၏ ထုတ်ပြန်ချက်အရ သိရသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သမာသမတ်ရှိစွာနှင့် ဘက်လိုက်မှုကင်းစွာဆောင်ရွက်သင့်ကြောင်း ၎င်းနိုင်ငံများကပြောကြားသည်။ ဂါဇာဒေသပဋိပက္ခသည် လူသားက ပြုလုပ်သည့် ပဋိပက္ခဖြစ်ကာ ငတ်မွတ်ခေါင်းပါးမှုကို လက်နက်အဖြစ် အသုံးပြုခြင်းကို နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေတွင် တားမြစ်ထားကြောင်း ၎င်းနိုင်ငံများ၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



## အမေရိကန် ကွန်ဂရက်လွှတ်တော်က ခွင့်ပြုထားသည့် နိုင်ငံခြားအကူအညီ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံကို ဖျက်သိမ်းရန် သမ္မတထရမ့် ကြေညာ

ဝါရှင်တန် ဩဂုတ် ၃၁

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်က ကွန်ဂရက်လွှတ်တော်က ခွင့်ပြုထားသည့် နိုင်ငံခြားအကူအညီ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံကို ဖျက်သိမ်းရန် ကြေညာခဲ့ကြောင်း သိရသည်။



အဆိုပါ ရန်ပုံငွေများကို ဖျက်သိမ်းမည်ဖြစ်ကြောင်း သမ္မတထရမ့်က အောက်လွှတ်တော် ဥက္ကဋ္ဌ မိုက်ဂျွန်ဆင်ထံ ပေးစာဖြင့် အကြောင်းကြားခဲ့သည်။

ရန်ပုံငွေ ၃ ဒသမ ၂ ဘီလီယံကို နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအတွက် ရည်မှန်းထားကြောင်း သိရသည်။

နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏လုပ်ငန်းစဉ်လည်ပတ်မှုကို လက်ရှိတွင် ရပ်ဆိုင်းထားသည်။

ထို့ပြင် ယူနက်စကိုနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများသို့ ဒေါ်လာ ၅၂၁ သန်းနှင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများအတွက် ဒေါ်လာ ၃၉၃ သန်း ခွဲဝေသုံးစွဲမှုများလည်း ပါဝင်သည်။

သမ္မတ ထရမ့်က တရားဝင် သိမ်းဆည်းမှု ထိန်းချုပ်ရေး အက်ဥပဒေနှင့်အညီ ၎င်း၏အခွင့်အာဏာကိုသုံးကာ ရန်ပုံငွေသုံးစွဲခွင့်ကို ဖျက်သိမ်းခြင်းဖြစ်ပြီး ယင်းသို့ ဆောင်ရွက်ခြင်းသည် သမ္မတ၏ "အမေရိကန်သည်သာ ပထမ" ဟူသည့် မူဝါဒကို ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

သမ္မတထရမ့်၏ ရန်ပုံငွေဖျက်သိမ်းရန် ကြေညာချက်ကြောင့် အမေရိကန်ပြင်ပ အကူအညီပေးရေး လုပ်ငန်းများအပေါ် မည်မျှ အကျိုးသက်ရောက်နိုင်မည်လဲ ဆိုသည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

ရီပတ်ဘလီကန်အမတ်တစ်ဦးက ကွန်ဂရက်၏ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ရန်ပုံငွေဖျက်သိမ်းမှုအပေါ် ဝေဖန်ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ဗြိတိသျှဖရီးဂိတ်သင်္ဘောအုပ်စု မှာယူရန် စီစဉ်ထားသည်ဟု နော်ဝေဝန်ကြီးချုပ် ဂျိုနပ်စ်ဂါးစတိုရီ ထုတ်ဖော်ပြောကြား



အော်စလို ဩဂုတ် ၃၁

နော်ဝေရေတပ်သည် နိုင်ငံ၏ ရေကြောင်းကာကွယ်ရေးကို မြှင့်တင်ရန်အတွက် ဗြိတိန်နိုင်ငံထုတ် ဖရီးဂိတ်သင်္ဘောအုပ်စုကို မှာယူရန် စီစဉ်ထားသည်ဟု နော်ဝေဝန်ကြီးချုပ် ဂျိုနပ်စ်ဂါးစတိုရီက ဩဂုတ် ၃၁ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

နေတိုးအဖွဲ့ဝင် နော်ဝေနိုင်ငံ၏ ယခုအထိ အကြီးဆုံးပစ္စည်းဝယ်ယူမှု ဖြစ်လာမည်ဟု မျှော်လင့်ရသည့်အတွက် ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်တို့သည် ၎င်းတို့၏ ပြိုင်ဘက် ဖရီးဂိတ် ဒီဇိုင်းများကို ယှဉ်ပြိုင် ကမ်းလှမ်းခဲ့ကြသည်။

"ဖရီးဂိတ်သင်္ဘောများသည် ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ဖို့ အဓိကကျတဲ့အတွက် ကျွန်တော်တို့ရဲ့ ကာကွယ်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ အစိတ်အပိုင်းဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဂျိုနပ်စ်ဂါးစတိုရီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဗြိတိန်အရာရှိများသည် ၎င်းတို့၏ ရေတပ်အတွက် စီးပွားရေးအရ အတိုင်းအတာတစ်ခုအထိ ရည်ရွယ်ပြီး စကော့တလန်၏ သင်္ဘောကျင်းလုပ်ငန်းကို မြှင့်တင်ရန်အတွက် လူသိများသည့် ဖရီးဂိတ်သင်္ဘောများကို တိုးမြှင့်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Mon

## အရက်မပါသော ဘီယာအမျိုးအစား အမျိုးမျိုး ဂျာမနီနိုင်ငံသားများအကြား ပိုမိုရေပန်းစားလာ

ဘာလင် ဩဂုတ် ၃၁

ဂျာမနီနိုင်ငံသားများသည် ဘီယာကို သောက်သုံးမှု ပိုမိုနည်းလာသော်လည်း အရက်မပါသော ဘီယာအမျိုးအစားအမျိုးမျိုးမှာ ယခင်ကထက် ပိုမိုရေပန်းစားလာကြောင်း သိရသည်။

ဂျာမနီနိုင်ငံ၏ ဒေစတား စစ်ဖက်ဒရယ်စာရင်းအင်းရုံး၏ ပြောကြားချက်အရ ဘီယာရောင်းအားသည် နှစ် ၃၀ ကျော်အတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေသော်လည်း အရက်မပါသော ဘီယာရောင်းအားသည် ၂၀၁၃ ခုနှစ်ကတည်းက ၁၀၉ ရာခိုင်နှုန်း တိုးလာခဲ့ရာ မကြာသေးမီနှစ်များအတွင်း နှစ်ဆကျော် တိုးလာခဲ့သည်။

၎င်းသည် ပထမဆုံးအကြိမ်အဖြစ် တစ်နှစ်၏ ပထမခြောက်လတာကာလအတွင်း လီတာ ၄ ဘီလီယံအောက်သို့ ကျဆင်းခဲ့သည်။

ဂျာမန်ဘီယာရောင်းအားသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ် ပထမခြောက်လတွင် ၆ ဒသမ ၃ ရာခိုင်နှုန်း၊ လီတာ ၂၆၂ သန်း ကျဆင်းခဲ့ရာ လီတာ ၃ ဒသမ ၉ ဘီလီယံဝန်းကျင်သာ ရှိခဲ့သည်။

မြူးနစ်မြို့အနီးရှိ ၁၈၈၀ ပြည့်လွန်နှစ်များကတည်းက ဘီယာချက်လုပ်နေသည့် အာဒင်ဂျာဘီယာချက်စက်ရုံ၏ အမှုဆောင်အရာရှိချုပ် စတီဖန်ခရိုက်စ်က သောက်သုံးသည့် အလေ့အထများ ပြောင်းလဲလာပြီး ယခုအချိန်တွင် ၎င်းတို့ထုတ်လုပ်မှု၏ လေးပုံတစ်ပုံခန့်မှာ အရက်မပါသော ဘီယာများဖြစ်သည်ဟု ပြောကြားသည်။

Mon



## ရက်ပေါင်းများစွာ မိုးသည်းထန်စွာသွန်းပြီးနောက် မြစ်များ ရေလျှံ၊ အရှေ့ပါကစ္စတန်ရှိ လူပေါင်းငါးသိန်းနီးပါး ရေဘေးဒုက္ခရောက်နေ

အစ္စလာမ္မာဘတ် ဩဂုတ် ၃၁

ရက်ပေါင်းများစွာ မိုးသည်းထန်စွာသွန်းပြီးနောက် မြစ်များ ရေလျှံခဲ့ကာ အရှေ့ပါကစ္စတန်ရှိ လူပေါင်းငါးသိန်းနီးပါး ရေဘေးဒုက္ခရောက်နေပြီး ကယ်ဆယ်ရေးအရာရှိများက ကြီးမားသည့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ပန်ဂျပ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့သည် ဩဂုတ် ၃၀ ရက်က ထုတ်ပြန်သည့် ကြေညာချက်အရ ဇွန် ၂၆ ရက် မှစ၍ မုတ်သုံရာသီ၌ လူ ၈၃၅ ဦး သေဆုံးခဲ့ပြီး ပန်ဂျပ်ပြည်နယ်တစ်ခုတည်းမှ ၁၉၅ ဦး ပါဝင်သည်ဟု ဆိုသည်။

အိန္ဒိယနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ပန်ဂျပ်ကို ဖြတ်သန်းစီးဆင်းသော နယ်စပ်ဖြတ်ကျော်မြစ်သုံးသွယ်သည် ပုံမှန်မဟုတ်ဘဲ ရေမျက်နှာပြင် မြင့်တက်လာခဲ့ရာ ကျေးရွာပေါင်း ၂၃၀၀ ကျော် ထိခိုက်ခဲ့သည်။

ဒေသတွင်း ပန်ဂျပ်အစိုးရသည် ချေနပ်၊ ရာဗီနှင့် ဆပ်တလက်ချ်မြစ်တို့မှ ရေများပြောင်းလွှဲရန် အရေးပါသော ရေကာတာများကို ထိန်းချုပ်ဖောက်ထုတ်ခဲ့သည်။ ဒေသတွင်းမီဒီယာများအဆိုအရ နိုင်ငံသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အဓိကမြစ်ကြီးသုံးခုလုံး တစ်ချိန်တည်း ရေလျှံခဲ့သည်။

ရေဘေးကြောင့် ပိတ်မိနေသည့် လူ ၄၈၁၀၀၀ နှင့်အတူ တိရစ္ဆာန်အကောင်ရေ ၄၀၅၀၀၀ ကိုပါ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်ဟု ပန်ဂျပ်အစိုးရ၏ ကယ်ဆယ်ရေးဝန်ဆောင်မှုများဌာန အကြီးအကဲ နာဘီးလ်ဂျာဗက်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ Mon

## အွန်လိုင်းလိမ်လည်မှုဆိုင်ရာ အသိပညာပေးဟောပြော



**ကလော ဩဂုတ် ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့ မြို့နယ်ခန်းမ၌ ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲက အွန်လိုင်းလိမ်လည်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ (ဝဲပုံ)

ဟောပြောပွဲတွင် ကလောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးသက်လှိုင်က အွန်လိုင်းလိမ်လည်မှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်း ပြောကြားခဲ့ပြီး မြို့နယ်ဥပဒေရုံးမှဒေါ်စိမ်းနုအောင်၊ မြို့မရဲစခန်းမှဒုရဲအုပ်ကျော်အေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးကြွယ်တို့က အွန်လိုင်းလိမ်လည်မှုဆိုင်ရာနှင့် ပတ်သက်၍ လက်ကိုင်ဖုန်းများမှတစ်ဆင့် Telegram၊ Viber ၊ YouTube၊ Messenger တို့မှတစ်ဆင့် ဆက်သွယ်ပြောဆို အယုံသွင်း၍ စာဖြင့် ဆက်သွယ်ကာ ငွေကြေးလိမ်လည်ခြင်း၊ သွေးဆောင်ကာ လူကုန်ကူးခြင်းများကို အွန်လိုင်းမှတစ်ဆင့် ကျူးလွန်ကြခြင်းကို အသိသတိဖြင့် ဆင်ခြင်ကြရန် ရှင်းလင်းဟောပြောခဲ့ကြပြီး လိမ်လည်လှည့်ဖြားခြင်း မခံရအောင် နိုင်ငံတကာအွန်လိုင်းလိမ်လည်မှု အသိပညာပေး ဗီဒီယိုပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဲပြင်ကျောင်းတိုက်ရှေ့ တံတားအဝပိတ်ဆို့နေမှုအား ရှင်းလင်း

**တောင်တွင်းကြီး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ယမန်နေ့ ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဲပြင်ကျောင်းတိုက်ရှေ့ အလျား ပေ ၂၀၊ အမြင့် ၁၂ ပေရှိ တံတားအဝပိတ်ဆို့နေမှုအား ရှင်းလင်းခဲ့ကြသည်။ (အပေါ်ပုံ)

အဆိုပါ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောမောင်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များ၊ နတ်စဉ်ကုန်းကျေးရွာ၊ ဥယျာဉ်စုကျေးရွာများမှ ဒေသခံပြည်သူများ ပူးပေါင်း၍ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ဆယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြော

**မန္တလေး ဩဂုတ် ၃၁**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို)(AEDA MDY) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ KMC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မူးယစ်သမိုင်းကြောင်းကို အသင်း(ဗဟို)အမှုဆောင် ဒေါ်သင်းသင်းဦးက ဟောပြောပြီး မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကို အသင်း(ဗဟို) အတွင်းရေးမှူး ဦးမြင့်သန်း၊တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးတို့က အသိပညာပေးဟောပြောကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးဆိုင်ရာ ဉာဏ်စမ်းပဟေဠိမေးခွန်းများ မေးမြန်းကြပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။



ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၆၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**(ဝ၇ဝ)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံး

**ရွှေညောင် ဩဂုတ် ၃၁**

ဩဂုတ် ၂၆ ရက်က ရှမ်းပြည်နယ်၊ ရွှေညောင်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၆ ရက် ည ၁၁ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ်၊ ရွှေညောင်မြို့နယ်၊ မင်္ဂလာရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ မိုင်တိုင်အမှတ်(၁၀၄) မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဟဲဟိုးမြို့မှ ရွှေညောင်မြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနအိမ်ရာနေ စိုးသူလင်း(၄၀)နှစ်ဆိုသူ မောင်းနှင်လာသည့် HIGER အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်သည် လမ်းဖြတ်ကူးသူ အသက် ၆၀ နှစ်ခန့် အမည်မသိအမျိုးသားတစ်ဦးအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိပြီး မော်တော်ယာဉ်၏ ရှေ့ယာဘက်ဘီးဖြင့် ကြိတ်မိခဲ့သဖြင့် ၄င်းတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသောကြောင့် စိုးသူလင်းအား ရွှေညောင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ်အတွင်း၌ မော်တော်ယာဉ်ရှစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်းလေးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyata Alphard သုံးစီး၊ Mitsubishi Canter တစ်စီး၊ Faw Tiger Truck တစ်စီး၊ Hino Truck တစ်စီး၊ Hino Ranger Truck တစ်စီး၊ To-yota Wish တစ်စီးကိုလည်းကောင်း၊ အေးသာယာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Die-sel Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးကို ပို့ကုန်၊ သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ်၊ သရက်မြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်လေးစီးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကံမမြို့နယ်၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာကို လောင်းကစားဥပဒေအရလည်းကောင်း အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

o-o-o-o-o-o-o-o

## ဓားဦးချွန်ကိုင်ဆောင်၍ရမ်းကားသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးအရေးယူ

**တောင်ကြီး ဩဂုတ် ၃၁**

ဩဂုတ် ၂၆ ရက်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်၍ ရမ်းကားသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၆ ရက် ည ၁၁ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေတောင်ရပ်ကွက်၊ ကျောက်ရေအိုးလမ်း၌ အမျိုးသားတစ်ဦး ဓားကိုင်ဆောင်၍ ရမ်းကားနေကြောင်း သတင်းအရ တောင်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရွှေတောင်ရပ်ကွက်နေမျိုးနိုင်ဦး(၃၅)နှစ်ဆိုသူအား အရိုး၊ အသွား လက်မ ၂၀ ခန့်ရှိ ဓားဦးချွန်တစ်ချောင်းကို ကိုင်ဆောင်၍ ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် မျိုးနိုင်ဦးအား တောင်ကြီးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ယာပုံ)



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# နိုင်ငံတကာ အားကစား သတင်းများ

## ဗလာဟိုဗစ် အသင်းတွင်ဆက်ရှိသွားမည်ဟု ဂျူဗင်တပ်အသင်း အတည်ပြု

**တူရင် ဩဂုတ် ၃၁**

တိုက်စစ်မှူး ဗလာဟိုဗစ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလ များသာဖြစ်ကြောင်း၊ အသင်းတွင် သာ ဆက်ရှိသွားမည်ဟု ဂျူဗင် တပ်အသင်းက အတည်ပြုခဲ့ သည်။

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။



တိုက်စစ်မှူး ဗလာဟိုဗစ် သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၆ ပွဲ ကစားကာ ၅၉ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

ဂျူဗင်တပ်အသင်းထုတ်ပြန်ချက်တွင် "ဗလာဟိုဗစ် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမား ကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)(NGB)



## နစ်ဖော်တယ်မာဒယ်အား ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် နယူးကာဆယ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၃၁**

နယူးကာဆယ်အသင်းသည် စတုဂတ်အသင်း တိုက်စစ်မှူး နစ်ဖော်တယ်မာဒယ်အား ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၉သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် နယူးကာဆယ် အသင်းနှင့်အတူ ခြောက်နှစ်စာချုပ်ချုပ်ဆိုခဲ့ပြီး ကျောနံပါတ် ၂၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး နစ်ဖော်တယ်မာဒယ်သည် စတုဂတ်အသင်းနှင့် အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆ပွဲ ကစားပြီး ၁၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းထုတ်ပြန်ချက်တွင် "နစ်ဖော်တယ်မာဒယ်အား ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ကစားသမားအသစ်တွေ ဆက်လက်ခေါ်ယူသွားဦးမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)(NGB)

## မာဂက်ဆာ ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ် ၂၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၃၁**

ကွင်းလယ်ကစားသမား မာဂက်ဆာ ဝက်စ်ဟမ်းအသင်းတွင် ကျောနံပါတ် ၂၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မိုနာကိုအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ စတာလင်ပေါင် ၁၇ သန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မာဂက်ဆာသည် မိုနာကိုအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၇ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက် ၂၁ နှစ်အရွယ်ရှိ မာဂက်ဆာက "ကျွန်တော် ဝက်စ်ဟမ်းအသင်းမှာ ကျောနံပါတ် ၂၇ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ"ဟု ပြောသည်။

(အောက်ပုံ)(NGB)



## အက်စ်ပီလီကွယ်တာအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဆီဗီလာအသင်း ခေါ်ယူ

**မက်ဒရစ် ဩဂုတ် ၃၁**

ဆီဗီလာအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းဝါရင့် နောက်ခံကစားသမားဟောင်း အက်စ်ပီလီကွယ်တာအား အလွတ် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝ တစ်လျှောက်တွင် ချဲလ်ဆီး၊ အိုဆာဆူနာ၊ မာဆေးလ်၊ အက်သလက်တီကိုမက်ဒရစ် စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆီဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက် ၃၆ နှစ်အရွယ်ရှိ အက်စ်ပီလီကွယ်တာက "ကျွန်တော် ဆီဗီလာအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဆီဗီလာအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)(NGB)

## ဒီလပ်စ် တံကောက်ကြောဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဩဂုတ် ၃၁**

ချဲလ်ဆီးအသင်းတိုက်စစ်မှူး ဒီလပ်စ် တံကောက်ကြောဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက ဖူလ်ဟမ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒီလပ်စ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၁၄ရက်တွင် ဘရန့်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အောက်ပုံ)(NGB)



## ချမ်ဘာလိန် ဘီဆစ်တပ်စ်အသင်းနှင့် နှစ်ဦးသဘောတူစာချုပ်ဖျက်သိမ်း

**လန်ဒန် ဩဂုတ် ၃၁**

ကွင်းလယ်ကစားသမား ချမ်ဘာလိန် ဘီဆစ်တပ်စ်အသင်းနှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းခဲ့ပြီဖြစ်သည်။

ဘီဆစ်တပ်စ်အသင်းနှင့် လမ်းခွဲခဲ့သည့် အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ချိန်ဘာလိန်သည် ကစားသမားဘဝတစ်လျှောက်တွင်လည်း ဆောက်သမ်တန်၊ အာဆင်နယ်၊ လီဗာပူး၊ ဘီဆစ်တပ်စ်စသည့် ကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အောင်မြင်မှုများစွာလည်း ရယူထားနိုင်ခဲ့သည်။

ထို့ကြောင့် ချမ်ဘာလိန်အနေဖြင့် ဘီဆစ်တပ်စ်အသင်းနှင့် လမ်းခွဲခဲ့ပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)(NGB)



## ဟာဘီယိုဆေးလ်ဗားအား ငါးနှစ် စာချုပ်ဖြင့် ဒေါ့မွန်အသင်းခေါ်ယူ

**မြူးနစ် ဩဂုတ် ၃၁**

ဒေါ့မွန်အသင်းသည် ဝုဖ်အသင်းတိုက်စစ်မှူး ဖာဘီယိုဆေးလ်ဗားအား ပြောင်းရွှေ့ကြေးယူရို ၂၆သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဒေါ့မွန်အသင်းတွင် ကျောနံပါတ် ၂၁ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဖာဘီယိုဆေးလ်ဗားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဝုဖ်အသင်းမှ လက်ပါးမက်စ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၂၅ ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဒေါ့မွန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် အသင်းအင်အားဖြည့်တင်းရန်အတွက် နောက်ထပ်ကစားသမားသစ်များစွာ ခေါ်ယူအားဖြည့်သွားဦးမည်ဖြစ်သည်။ (အောက်ပုံ)(NGB)



## 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Cristina Bucsa တက်ရောက်

**နယူးယောက် ဩဂုတ် ၃၁**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော်တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ စပိန်တင်းနစ်မယ် Cristina Bucsa တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်မယ် Cristina Bucsa သည် 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲတတိယအဆင့်တွင် ဘယ်လ်ဂျီယံတင်းနစ်မယ် Elise Mertens အား ၃-၆၊ ၇-၅၊ ၆-၃ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် စပိန်တင်းနစ်မယ် Cristina Bucsa နှင့် ဘယ်လာရုတင်းနစ်မယ် Aryna Sabalenka တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)(NGB)

## ဘောလုံးသတင်းအတိုအထွာများ

* စီးရီးအေကလပ် နာပိုလီအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တိုက်စစ်မှူး ဟွိုင်လန်းအား တစ်ရာသီအငှား+အပြီးသတ်ဝယ်ယူခွင့်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

* ရိုမားအသင်းသည် လီဂီယာဝါဆောအသင်းနောက်ခံကစားသမား ဇီယိုလ်ကောစကီးအား ခေါ်ယူခဲ့သည်။

* အေဂျက်စ်အသင်းသည် လီဗာပူးအသင်း လူငယ်ကစားသမား မက်ကွန်နယ်လ်အား တစ်ရာသီအငှားဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (NGB)

# ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ




**မန္တလေး ဩဂုတ် ၃၁**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစား ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌဦးဟန်မြင့်နှင့် ကော်မတီဝင်များ၊ အမှတ်ပေးဒိုင်များ၊ ပြိုင်ပွဲဝင်များ၊ ဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကလပ်ပေါင်းစုံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအတွင်းရေးမှူးတို့က အမျိုးသား Fitness Physique Open ပြိုင်ပွဲတွင် သရုပ်ပြတင်ဆက်ခဲ့သူအား ဂုဏ်ပြုငွေကို လည်းကောင်း၊ အမျိုးသား Sport Physique Up to 170 cm ပြိုင်ပွဲ၊ အမျိုးသား Sport Physique Over 170 cm ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Up to 170 cm ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Over 170 cm ပြိုင်ပွဲနှင့် အသက် ၂၁ နှစ်အောက် ကာယဗလမောင်ပြိုင်ပွဲတို့တွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက (၅၅)ကီလိုတန်း၊ (၆၀)ကီလိုတန်း၊ (၆၅)ကီလိုတန်း၊ (၇၀)ကီလိုတန်းနှင့် (၇၅)ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲတို့တွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများကို လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး အမျိုးသမီးအားကစား ဆပ်ကော်မတီအဖွဲ့မှ တာဝန်ရှိသူများက အမျိုးသမီး Model Physique Up to 160 cm ပြိုင်ပွဲ၊ အမျိုးသမီး Model Physique Over 160 cm ပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique Open ပြိုင်ပွဲတို့တွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆု ရရှိသူများကိုလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီး Fitness Physique Open ပြိုင်ပွဲတွင် တတိယဆု၊ ဒုတိယဆု နှင့် ပထမဆု ရရှိသူများကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က(၇၅)ကီလိုအထက် ကာယဗလမောင်ပြိုင်ပွဲတွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများကိုလည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







---

# လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ လူငယ်စကားဝိုင်း ကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၃၁**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မနော မြေပညာရေးစင်တာတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်မာလာဝင်းက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းအား ဆက်လက်ကျင်းပရာ ဝိုင်းမော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်သက်မွန်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ မနောမြေပညာရေးစင်တာမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများဖြစ်သော မောင်အောင်ကောင်းခန့်ကျော်၊ မောင်ဂျွန်တူးမိုင်၊ မမြတ်ဖွေးဖွေးမိုး၊ မခင်မျိုးကြိုင်နှင့် မထက်ဝေဝေကြွယ်တို့က ဗလငါးတန်နှင့်ပတ်သက်၍ ဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူက ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြပြီး လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများအား အမှတ်တရဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



# မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာများ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၃၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာ ခန်းမတွင် ကျင်းပသည်။

ချမ်းအေးသာစံမြို့နယ်တွင် စမ်းသပ်မဲပေးခြင်းနှင့်ပတ်သက်၍ မဟာအောင်မြေခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးထွန်းက မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ် မဲပေးစက် ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ မဲပေးခြင်း၊ မဲလက်မှတ်စက်ဖြင့် မဲပုံးအတွင်း ရောက်ရှိခြင်း၊ မဲရေတွက်ခြင်းတို့ကို ရှင်းလင်းပြသ၍ တစ်ဦးချင်း မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် ကိုယ်တိုင် စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ပြသဆောင်ရွက်ခဲ့သည်။



မဟာအောင်မြေခရိုင်နှင့် ချမ်းအေးသာစံမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ရပ်ကွက်ပြည်သူများ လက်တွေ့စမ်းသပ်မဲပေးရာသို့ ကြည့်ရှုအားပေးခဲ့ကြသည်။ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ချမ်းအေးသာစံမြို့နယ် အရှေ့ပိုင်းရပ်ကွက်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၅)**

ဝ-ဝ-ဝ-ဝ-ဝ



## မကွေးတိုင်းဒေသကြီး ဥပဒေရေးရာဝန်ကြီးဌာန၏ လေးနှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**မကွေး ဩဂုတ် ၃၁**

ဩဂုတ် ၃၀ ရက်က ကျရောက်ခဲ့သည့် ဥပဒေရေးရာဝန်ကြီးဌာန၏ လေးနှစ်ပြည့် အထိမ်းအမှတ်ကို နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ပါမောက္ခ ဦးလှအောင်ခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ တက်ရောက်သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးဥပဒေချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံး အဆင့်ဆင့်၏ လှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုမှတ်တမ်းများကို ကြည့်ရှုပြီး မကွေးတိုင်းဒေသကြီး အတွင်းရှိ ဥပဒေအရာရှိများမှ ဥပဒေရေးရာဝန်ကြီးဌာန MOLA အတွက် ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့မှ အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ဥပဒေရေးရာ ဝန်ကြီးဌာနတွင် တာဝန်ထမ်း ဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများအလိုက် ဗလာမပါ ကံစမ်းမဲများ၊ အထူးမဲများ ပြုလုပ်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

*-*-*-*-*

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သရက် ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လမ်းဆုံများတွင် အမှိုက်များ သိမ်းဆည်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက် နံနက် ၇ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)နှင့် အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် ဆောင်ရွက်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၃၈၅ ဦးခန့်ဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်) နှင့် အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ပေါင်းမြက်များ နှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## အသိပေးကြေညာခြင်း

မန္တလေးမြို့တော်အား သန့်ရှင်းသာယာလှပသော ခေတ်မီမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဓိကလမ်းမကြီးများ၊ လမ်း၊ ပလက်ဖောင်း၊ ရေမြောင်းများပေါ်တွင် ကျူးကျော်စုပုံ တည်ခင်း ပစ္စည်းထားရှိခြင်း၊ ကျူးကျော်ဆောက်လုပ်ထားရှိခြင်း၊ ကျူးကျော်ရောင်းချခြင်းများကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အောက်ဖော်ပြပါ တားမြစ်ချက်များကို လိုက်နာရန် ဖြစ်ပါသည်။**

ပုဒ်မ-၁၀၆(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း၊ စကြံ၊ ပလက်ဖောင်းများပေါ်တွင် ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများချထားခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံခြင်း၊ ရောင်းချခြင်း၊ ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊ နေလှန်းခြင်း မပြုရ။

ပုဒ်မ-၁၀၆(တ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကားပါကင်၊ မီးစက်၊ ထရန်စဖော်မာတို့ကို ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း သုံးစွဲချထားခြင်း မပြုရ။

ပုဒ်မ-၁၀၉(ဂ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ၊ ကိုယ်ပိုင်ဈေးများ ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

ပုဒ်မ-၁၀၉(စ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း နံရံကပ်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ။ လှေကားခွင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

**သို့ဖြစ်ပါ၍ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက အောက်ဖော်ပြပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။**

ပုဒ်မ-၁၁၂(က) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများအား ကော်မတီပိုင်အဖြစ် သိမ်းဆည်းခြင်း၊ ဒဏ်ကြေးငွေ အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်း၊

ပုဒ်မ-၁၁၂(ခ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက သတိပေးခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

ပုဒ်မ-၁၁၅။ ထပ်မံကျူးလွန်ပါက အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀၀ ထိ ဖြစ်စေ၊ ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ခရိုင်ဝန်ထမ်းပေါင်းစုံ(ဂျီအီးစီ) သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၃၁**

ခရိုင်ဝန်ထမ်းပေါင်းစုံ (ဂျီအီးစီ) သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၃၀ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်သမဝါယမဦးစီးဌာနမှူးရုံး ဆွတ်ဂျာအိန်ခန်းမတွင် ကျင်းပရာ ကချင်ပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်က အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် သဘာပတိ ခရိုင်ဝန်ထမ်းပေါင်းစုံ(ဂျီအီးစီ) သမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်ဝေဝေလွင်မှ အဖွင့်အမှာစကား ပြောကြားကာ အသင်းအတွင်းရေးမှူး ဒေါ်နန်းဖိန်းလုဘော်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ရှင်းလင်းဖတ်ကြားကာ မြို့နယ်သမဝါယမဦးစီးဌာန တာဝန်ကျစာရင်းစစ်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါ်သန္တာလင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ရှင်းလင်းဖတ်ကြားခဲ့သည်။

ထို့နောက် အသင်းသားများထံမှ ကြိုတင်အကြံပြုချက်များကို ပြန်လည်ဆွေးနွေးပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသားများထံမှ အတည်ပြုချက်ရယူသည့်။ ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အစည်းအဝေးသို့ ကချင်ပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူးနှင့် ခရိုင်ဝန်ထမ်းပေါင်းစုံ (ဂျီအီးစီ)သမဝါယမအသင်းသား ၂၀ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၄၄)**



## မိုးနှောင်းချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးနိုင်ရေး ယူရီးယားမြေသြဇာနှင့် သဘာဝမြေသြဇာများ ပံ့ပိုးပေးအပ်

**အောင်လံ ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်တွင် တောင်သူများ ပန်းတိုင်အထွက်နှုန်းတိုးစေရေး မိုးဖုန်းအုပ်စု တောင်သူ ဦးငွေးနိုင်၏ မိုးနှောင်းချည်မျှင်ရှည်ဝါ သုံးဧက စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးမှ ယူရီးယားမြေသြဇာနှင့် သဘာဝမြေသြဇာများ ပေးအပ်ခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးက မြေသြဇာများကို အချိန်ကိုက်၊ အချိုးကျထည့်သွင်းနိုင်ရေး၊ သဘာဝမြေသြဇာနှင့် (၁:၃) ရောစပ်၍ သုံးစွဲရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ဂရုစိုက်ဆောင်ရွက်ကြရန် တောင်သူများကို ပြောကြားခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

*-*-*-*

*-*-*-*-*-*

# ဆင်တူရောင်ကွဲ ဂေါ်ဝိန်(သို့မဟုတ်)ကဗျာတွေရွတ်ပြီး လေကလေးချွန်တဲ့ ဂေါ်ဝိန်

သွယ်အောင်

ဂေါ်ဝိန်ဟာ
မင်းဝံတောင်တန်းပေါ်မှာ
နှင်းဆီပန်းကလေးပွင့်နေရင်
အနာဂတ် ဗေဒင်တွက်ရင်း
လေကလေးချွန်ပါရော။

သိုက်ထွန်းသက်

ဆရာရဲသျှမ်း၏ "ဆင်တူရောင်ကွဲ ဂေါ်ဝိန်" ဝတ္ထုလုံးချင်းစာအုပ် နောက်ကျောဖုံးတွင် ကောက်နုတ်ဖော်ပြထားသော ကဗျာအပိုင်းအစလေးဖြစ်သည်။ ကဗျာရေးသူက ဆရာသိုက်ထွန်းသက်၊ အတိအကျဆိုရလျှင် မိုးဝေစာပေမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြပါရှိခဲ့သော "ဂေါ်ဝိန်ရဲ့ အတ္ထုပ္ပတ္တိ" ကဗျာ၏ နောက်ဆုံးအပိုဒ်ဖြစ်သည်။

"ဆင်တူရောင်ကွဲ ဂေါ်ဝိန်" လုံးချင်းဝတ္ထုနှင့် မန်းတက္ကသိုလ် ရာပြည့်အမှတ်တရ "အိပ်မက်တမန်စေလိုက်ချင်သည်" ဝတ္ထုတိုစာအုပ် နှစ်အုပ် စာရေးသူများ၏ လက်မှတ်ရေးထိုးပွဲကို (၂၀-၇-၂၀၂၅)ရက်တွင် စိတ်ကူးချိုချို(မန္တလေး) စာအုပ်အရောင်းဆိုင်တွင် ကျင်းပပြုလုပ်ခဲ့သည်။ မိတ်ဆွေစာရေးဆရာများ၏ "လက်မှတ်" များကို အမှတ်တရသိမ်းထားချင်၍ စာအုပ် နှစ်အုပ်လုံး ဝယ်ယူအားပေးခဲ့ပါသည်။

ဘဝတစ်လျှောက်လုံး အလွဲများနှင့် အကြိမ်ကြိမ်ဆုံခဲ့ဖူးသည်။ ထိုစာအုပ်လက်မှတ်ရေးထိုးပွဲတွင်လည်း အလွဲတစ်ခုနှင့် ကြုံခဲ့ရသည်။ ဆရာရဲသျှမ်း ကျွန်တော့်အတွက် လက်မှတ်ရေးထိုးပေးသော စာအုပ်သည် ဆရာမောင်ဉာဏသို့ပေးသော စာအုပ်ဖြစ်နေပြီး ကျွန်တော့်စာအုပ်က ဆရာမောင်ဉာဏဆီသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ စာအုပ်ချင်းပြန်လဲပေးမည်ဟု သိရသော်လည်း လွဲသွားသော အလွဲလေးကို အမှတ်တရအနေဖြင့် သိမ်းဆည်းထားလိုက်ပါသည်။

"ဆင်တူရောင်ကွဲဂေါ်ဝိန်" စာအုပ် ဖြစ်တည်လာရသည့် ရေသောက်မြစ်သည် ဆရာသိုက်ထွန်းသက်၏ သမီးကြီးဖြစ်သူ အိမြဝတီဇော်(အေးမြနု) ထံမှ သူ့ဖခင်၏ ဒိုင်ယာရီစာအုပ်များကို အခြေခံသည်။ ဆရာရဲသျှမ်းက ကွယ်လွန်သူ ဆရာသိုက်ထွန်းသက်နေရာမှ ဝင်စားပြီး ထွက်ရှိလာသော အတ္ထုပ္ပတ္တိဝတ္ထုဖြစ်သည်။

"ဆင်တူရောင်ကွဲ ဂေါ်ဝိန်" စာအုပ်နှင့်ပတ်သက်၍ စာအုပ်ဖတ်ပြီးသူအတော်များများက သူတို့၏ (Facebook)စာမျက်နှာကတစ်ဆင့် ယင်းစာအုပ်အပေါ် ခံစားရသည့် (Review)များကိုလည်း မကြာမကြာ တွေ့ရှိဖတ်ရှုနေရသည်။ ထို့ကြောင့် ဆရာသိုက်ထွန်းသက်အကြောင်း ပိုင်းဆစ်ရေးဖွဲ့ထားသည့် စာအုပ်ထဲမှ ဇာတ်ကောင်၊ ဇာတ်လမ်း နောက်ခံအခင်းအကျင်းများထက် စာအုပ်ထဲတွင် ဖော်ပြပါရှိသော "ကဗျာ"များကို စိတ်ဝင်စားမိပြီး စစ်တမ်းကောက်ယူကြည့်မိသည်။

ကဗျာပုဒ်ရေ ၂၀ခန့်အထိ ဖတ်ရှုခံစားရသည်။ ကဗျာဆရာကြီး၊ ဆရာမကြီးတို့၏ ကဗျာများအပြင် ဆရာသိုက်ထွန်းသက်ကိုယ်တိုင် ရေးဖွဲ့ခဲ့သည့် ကဗျာများလည်း ပါဝင်လေသည်။ အခန်းကူး၊ အခန်းပြောင်း၊ အခန်းတိုင်းနီးပါး ယင်းကဗျာများဖြင့် ဝတ္ထုကို ရုပ်လုံးကြွအောင် တင်ဆက်ပေးသော စာရေးသူ ဆရာရဲသျှမ်းကို ကျေးဇူးတင်ရသည်။ ယင်းကဗျာများကြောင့်လည်း ဆရာသိုက်ထွန်းသက်သည် ကဗျာဆရာအဖြစ်၊ ကဗျာမြတ်နိုးသူအဖြစ် မပြောရဘဲ အလိုလို သိနိုင်သည်။

မျက်ဝန်းလဲ့လဲ့ ပြုံးနွဲ့နွဲ့ဖြင့်
ဖွဲ့ဖွဲ့သီဆို သံသာချိုအေး
ရင်ဖိုနွေးသည်
အဆွေးအိပ်မက် မဖြစ်စေ။

ထွဏ်းကနောင်
(စာ-၃၁)

ရွှေလက်ငွေလက်
ဂဟေဆက်လို့
တစ်သက်လုံးပဲနေရအောင်။

မောင်ပန်းမွေး
(စာ-၃၄)

ထွက်ပြေးရအောင် လရောင်မရှိ
လမ်းမသိလည်း တွေ့ထိမမြင်
သံယောစဉ်ဖြင့် အသင်နှင့်ငါ
ပြေးကြပါစို့။
နှစ်လွှာနှုတ်ခမ်း အနမ်းခွာစ
တဒင်္ဂဝယ် နမခွန်းမြွက်
စကားဆက်ကို ဆက်လက်ဆိုရန်
ငါတောင်းပန်သည်
'နက်ဖြန်အကြောင်းပြောပါဦး'

မောင်ယဉ်မွန်
(စာ-၃၉)

သခင်ကိုမြင်
အိပ်မက်ထဲမှာပင်
လင်လား၊ ချစ်သူလား
ခွဲခြားမရပေါင်ရှင်။
သင်ဘယ်သူလဲမေး
မေးခနဲ အိပ်ပျော်စဉ်
ရှေ့ရင်တုန်လှိုက်
မောဟိုက်လှတာရှင်။
ပင်လယ်မြစ်ချောင်း
လောင်းလှေနဲ့ကူးချင်
သည်အိပ်မက်မျိုး
စိုးရွံ့ပေါ့သခင်။

ဂုဏ်ဝင်း
(စာ-၄၀)

ဘယ့်နှယ်လဲမေ
လူထဲသူထဲ ဟန်ဆောင်ဝဲမှ
တိုးရဲဝေးရာ ထိုကျွန်းသာသို့
ဘယ်ခါလိုက်မယ် ပြောစမ်းပါ။

ဒဂုန်တာရာ
(စာ-၄၂)

အို ..... ကြည့်စမ်းပါဦး
မိုးရွာတုန်းက မတွေ့ရဘူး
ခုမှကြွေတဲ့ ခရေပန်း
လာပါမောင်ရဲ့ ထီးယူခဲ့လေ
ကောက်ထည့်စရာပါမှပေါ့။
မလိုက်ချင်လျှင် နေချင်နေခဲ့
ခရေပွင့်ကောက် ပြန်လို့ရောက်မှ
ကျွန်မခေါင်းမှာ ပန်လို့လာတဲ့
ပွင့်လာဖြူဖွေး မောင်မမွေးနဲ့
ထွက်ပြေးမှာပဲ သိရဲ့လား။

မောင်ဆွေတင့်
(စာ-၅၃)

ဟိုမှာ ..... ဒီမှာ
ရာစဝင်ရထား
သွားတိုင်း ငါလိုက်
အမှိုက်ရှုက်ကြွေ
ခေတ်လေပွေအောက်
ကြောက်လှန့်ပြေးပုန်း

သိုက်ထွန်းသက်
(စာ-၅၄)

ညက
အိပ်မက်ထဲမှာ
ငါက နှစ်ကဆင်နဲ့
စစ်တုရင်ကစားတယ်။
နှစ်ကဆင်ဟာ
မာတိနီသောက်လိုက်
ဆေးပြင်းလိပ်ဖွာလိုက်
ဒိန်ခဲစားလိုက်
စစ်တုရင်ရွှေ့လိုက်။
ငါ့ပုလင်းမှာ
ကောက်ညှင်းအရက် ဆယ်ပက်
ခပေါင်း တစ်ဘူး
ခြူးတစ်လိပ်နဲ့။
နှစ်ကဆင်
အရင်ရွှေ့တဲ့ထဲက အမှား
အလကားပဲ။
နှစ်ကဆင်ရဲ့ ကင်း
ငရင်သီဘင်း တော်လှန်ကွင်းနဲ့
ချက်တယ်။
ဘယ်ပြေးထွက်မလဲ
ဗီယက်ကောင်းမြင်းနဲ့
ထောက်ထားတယ်။
ကမ္ဘောဒီးယား
ရထားကလည်း ရှိသေးတယ်။
နှစ်ကဆင်ရဲ့ ကင်း
မဆင်းနိုင် မတက်နိုင် ကျပြီ။




ညအိပ်မက်ထဲ စစ်တုရင်ပွဲမှာ
နှစ်ကဆင် သောက်သောက်လဲ
ရှုံးတာပဲ။
မနက်ဦးမှာ
တပ်ဦးဝင်စီး မြို့ကြီးသုံးမြို့
သိမ်းသတဲ့။
ယန်းကီးတွေရဲ့အလောင်း
မြင်မကောင်းအောင်ဘဲတဲ့။
ကြေးမုံသတင်းစာမှာ
ငါဖတ်ရတယ်။
အင်း ..... နှစ်ကဆင် နှစ်ကဆင်
စစ်တုရင် မကစားတတ်
အထပ်ထပ်ရှုံးပြီး
အပြီးသတ်ဆုံးတော့မှာပါလား။

မောင်လေးအောင်
(စာ-၆၀)

ချိုးငှက်ပျိုလေး
ကူမြည်ကြွေးသည်
ရှေ့ပြေးဆည်းဆာ
နီ ဝါ ခရမ်း ပန်းနု ပုလဲ
ကျိုးဥခဲငွေ ဗေဒါမိုးပြာ
သန္တာကျောက်စိမ်း
သုတ်လိမ်းပြဒါး
ယိုမှားစိန်စက်
ဖြိုးပြက်ဝင်းလက်
ရောယှက်ရောင်စုံ
အရဏ်မှစ ရှင်ပြနေ့ကို
ဆီးကြို၍ ကျူ
ကူရှာလေသလော။

နယဉ်
(စာ-၇၂)

(ဆက်လက်ဖော်ပြပါမည်။)



# အောင်လံမြို့နယ်တွင် မဲပေးစက် (MEVM) အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအား ဆက်လက်ဆောင်ရွက်



**အောင်လံ ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့ စမ်းသပ် မဲပေးခြင်းကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကွင်းဆင်း၍ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံ၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် အ·ထ·က(၁) ကျောင်းတွင် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)၏ ဖွဲ့စည်းတည်ဆောက်ထားမှု၊ မဲပေးစက်၏ လုံခြုံစိတ်ချရမှုများနှင့် ကိုင်တွယ်အသုံးပြုနည်းများနှင့် အကျိုးသက်ရောက်မှုများကို အကျယ်တဝံ့ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ ဆရာ၊ဆရာမများနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အာကာ(ပြန်/ဆက်)**

*-*-*-*-*

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေး

**လဲချား ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်၊မတ်လန်းကျေးရွာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် ဆန္ဒမဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ် ဆန္ဒမဲပေးခြင်းကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီက မတ်လန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။




ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က မြန်မာအီလက်ထရောနစ်(MEVM)ဖြင့် လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးနည်း အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်ဇင်နွယ်ဌေးက အီလက်ထရောနစ်မဲပေးစက် (MEVM)အကြောင်းကို ရှင်းလင်းပြောကြား၍ မဲပေးစက်တပ်ဆင်ပုံနှင့် ကိုင်တွယ်အသုံးပြုနည်း လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးနည်းများကို ရှင်းလင်းပြသခဲ့မှုအပေါ် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့မှ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။ (ဝဲပုံ)

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် ဆန္ဒမဲပေးနည်းအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းသို့ ခရိုင်၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိနှင့် ဝန်ထမ်းများက စနစ်တကျ ကြီးကြပ်၍ ရှင်းလင်းသရုပ်ပြ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**မြို့နယ်(ပြန်/ဆက်)**

# ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သောရွှံ့နွံများအား သန္တေမီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှား

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်တို့တွင် ရေကြီး၊ ရေလျှံမှုဖြစ်ပွားပြီး တင်ကျန်ခဲ့သော ရွှံ့၊ နုန်းများ၊ ဒိုက်များကို ပုဗ္ဗသီရိမြို့နယ်မီးသတ်စခန်းနှင့် တပ်ကုန်းမြို့နယ်မီးသတ်စခန်းတို့မှ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဩဂုတ် ၃၀ရက်က ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရွာစေဗိုကျေးရွာရှိ မူလတန်းကျောင်းနှင့် ကျေးရွာဆေးပေးခန်းတို့တွင်လည်း ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သော ရွှံ့နွံများကို ဇေယျာသီရိမြို့နယ်၊ မီးသတ်စခန်းမှ သန္တေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၅)

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## တဒင်္ဂ

* လောကလူ့ရွာ၊ လူဖြစ်လာသော်
ပမာဆိုရ၊ ရေပွက်မျှသာ
ဖြစ်ရ မတည်၊ ပျက်ရသည်မို့
ဖြစ်တည်ဘဝ၊ တဒင်္ဂ ။

* ခဏဖြစ်လာ၊ ဤခန္ဓာသည်
မုန်စွာ ပျက်ရ၊ အနိစ္စကို
စိတ်က မမြင်၊ ရှည်သည်ထင်လည်း
မုန်ပင်တွေးဆ၊ တဒင်္ဂ ။

* ခမျာချိန်ခါ၊ လူဖြစ်လာသော်
များပေါ်စိတ်ထား၊ ငဲ့သနား၍
ကြီးမားမေတ္တာ၊ ဂရုဏာဖြင့်
ဆောင်ကာနေပြ၊ တဒင်္ဂ ။

* ကောင်းမြတ်စိတ်တွေ၊ မမွေးလေဘဲ
များထွေဒုက္ခ၊ ဖြစ်တည်ရအောင်
စိတ်ကတွေးကြံ၊ မကောင်းညဏ်ကို
ဝေဖန်ထောက်ဆ၊ တဒင်္ဂ ။

* လူဖြစ်ရစဉ်၊ ခဏတွင်မူ
ဖြူစင်သတိ၊ ဉာဏ်နှင့်ညှိ၍
ရှုကြည့်ဝေဖန်၊ မကောင်းဟန်ကို
တွန်းလှန်ပယ်ချ၊ ပြုနိုင်မှလျှင်
လောကဘုံဗွေ၊ သာယာပေမည်
ပြုလေ ခဏ၊ တဒင်္ဂ ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**



## ကုန်အမည် လုပ်ငန်းအမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၁)တွင် နေထိုင်သူ ကုန်အမှတ်တံဆိပ်ပိုင်ရှင် ဒေါ်သက်နှင်းအေး(ဘ) ဦးမောင်ငွေး(၉/အမဇ(နိုင်)၀၂၅၇၀၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

**PYAE PHYO KYAW (PPK)**

**FUEL STATION**

